# မြသန္တာ

## ခွန်းမခြွေသာပြီ



(၁)

"ဟော့ .... ဟော့ ... ကလေးမ"

"ဟင်"

တိုင်ကပ်နာရီနှင့် လက်ပတ်နာရီကို တိုက်နေရာမှ မိမိနောက်ကျော ဘက်မှ ခေါ်သံကြောင့် ကပျာကယာ လှည့်ကြည့်လိုက်၏။

တောင်းတစ်တောင်းကို ပခုံးပေါ်မှာ ထမ်း လာပြီး လွယ်အိတ်ကို ပခုံးတစ်ဖက်မှ ဖြုတ်ချကာ ကြမ်းပြင် ပေါ်သို့ ပစ်ချလိုက်ရင်း....

"အယ် ... အစ်မလေး၊ ဒါဦးသောင်းထိုက်အိမ်နော်"

"ဟုတ်တယ်"အ

မိမိအား ကလေးမခေါ်လိုက် အစ်မလေး ခေါ်လိုက်မို့ ဖူးပွင့်မော် နှုတ်ခမ်းလေး စူထွက် လာလေသည် ။

"လုပ်ပါဦး ... ဒီခြင်းကြီးကို ဝိုင်းချပေးပါဦး"

သူ့ပခုံးပေါ်ထမ်းလာသော ကြိမ်ခြင်းကြီးကိုကြည့်ကာ ရုတ်တရက်မို့ ဝိုင်းချပေးရန် လက်ကလေး လှမ်းပြီးမှ ဒူးရင်းသီးများကို တွေ့၍ လက်ပြန်ရုပ်လိုက်ပြီး ....

"အဝင်းရေ... အဝင်း၊ ဒီကို မြန်မြန်လာပါဦးဟော့"

လှပစွာ ဝတ်စားထားသော မိမိ၏ အဝတ်များကို ငဲ့ညှာစွာဖြင့် အဖော်မလေးအဝင်းကို လှမ်းခေါ်လိုက်သည် ။ ထိုအခါ ခြင်းထမ်းလာသူမှာ မကျေနပ်သော မျက်လုံးအစုံနှင့် လှမ်းကြည့် လိုက်သည် ကို ဥပေက္ခာ ပြုလျက်....

"အဝင်း ဘာလုပ်နေလဲ... မြန်မြန် လာလေ"

"ဟုတ်ကဲ့....လာပါပြီ မမကြီး၊ လက်ဆေးနေလို့ ပါ"

အဝင်းအလာကို မစောင့်တော့ဘဲ သူ့ဘာသာသူတောင်းကြီးကို စိတ်ဆိုးဆိုးနှင့် ပစ်ချလိုက် သည် ကို မသိဟန်ဆောင်ရင်းက...

"မာမီကော"

"မောင်လေးတွေကို ကျောင်းသွားပို့တယ်လေ"

"အဲ... ဟုတ်သားပဲ"

ဖူးပွင့်မော် စိတ်ရှုပ်သွားသည် ။ လက်မှ နာရီကို ကြည့်၏ ရှစ်နာရီ လေးဆယ့်ငါး။

သက်ပြင်းရှည်ကြီး ချလိုက်ရင်း ထိုသူကို လှမ်းကြည့်လိုက်မိ၏။

"အလိုလေး"ရင်ထဲမှာ အလန့်တကြား ရေရွတ်လိုက်မိသည် ။ စူးရှသော မျက်လုံးအစုံက မိမိအား မိုက်မိုက်ရိုင်းရိုင်းကြည့်နေသည် မို့ မျက်မှောင်ကြုတ်ကာ ဘုကြည့်ပြန်ကြည့်လိုက်သည် ။

"ရှင် ဘယ်သူလဲ"

"ဗျာ"

"ရှင် ဘယ်သူ့ဆီလာတာလဲ၊ ဒယ်ဒီရော မာမီရော အိမ်မှာ မရှိကြဘူး၊ ကျွန်မက ရုံးသွားရမှာ ၊ ရှင့်ကိုဒီကလေးမလေးနဲ့ ထားခဲ့လို့ မဖြစ်ဘူး၊ အဲ

ဒီတော့ ရှင်ပြန်တော့၊  ညနေမှ ဒယ်ဒီပြန်လာမယ်၊ ဒါမှ မဟုတ် မာမီနဲ့ တွေ့ချင်ရင် နောက်ဆယ့်ငါးမိနစ်လောက်ဆိုရင် ပြန်လာပေ့ါ"

"ဗျာ"

တစ်ဗျာတည်းဗျာနေသော သူ့အား ဖူးပွင့်မော် စိတ်မရှည်တော့ပေ။

"ခင်ဗျား တော်တော်စာနာမှုကင်းတဲ့ မိန်းကလေးပဲ၊ ကျုပ်က ခရီးနီး နီးကလာတာ မဟုတ်ဘူး ၊ ခရီးဝေးကလာရတာ၊ အမောတောင်မဖြေရ ဘူးလား"

"ကျွန်မပြောတာကို ရှင်နားလည်မှုမရှိလို့ ပါ၊ ကျွန်မကလဲ အချိန်နဲ့ အလုပ်လုပ်ရတဲ့ ဝန်ထမ်း၊ ရှင့်ကို တစ်ခါမှ မမြင်ဖူးဘူးဘဲ ကျွန်မ ဒီအိမ် မှာ ဘယ်လိုလုပ် ထားခဲ့ရမှာ လဲ"

ဖူးပွင့်မော်က စိတ်ရှုပ်ထွေးစွာ ပြောလိုက်သည် ။ ခရီးဝေးမှ လာသူပီ ပီ တစ်ကိုယ်လုံး ဖုန်အလူးလူးနှင့် ညစ်ပတ်နေပြီး ဆံပင်မှာ လည်း ရှုပ်ပွ နေသည် ။

"တယ်လီဖုန်းရှိရင် ဆရာ့ဆီ ဆက်ပေးပါ"

"ဖုန်းပျက်နေတယ်"

ဖုန်းမပျက်ဘဲနှင့် တမင်ပြောလိုက်ခြင်းဖြစ်သည် ။ ရုံးသို့သာ အမြန် သွားချင်နေသည် ။

"ဒီမှာ တည်းခိုဖို့ ဟိုတယ်လေးဘာလေး မရှိဘူးလား"

ဖူးပွင့်မော် စိတ်ပင်ပန်းစွာဖြင့် ထိုပြဿနာကို ဖြေရှင်းနိုင်ရန် အပြေး အလွှား စဉ်းစား လိုက်သည် ။ ရုံး၌ လည်း အရာရှိအသစ် ပြောင်းလာမှာ မို့ စောစောရောက်မှ ဖြစ်ပေလိမ့်မည်။ သူ့ကိုလည်း တည်းခိုခန်းသို့ ပို့

ပေးရန် မဖြစ်နိုင်။ ခရီးဝေးမှ လာသူဖြစ်သော်လည်း အကြောင်း မသိသူအား ထားခဲ့၍ မဖြစ်သောကြောင့်....

"ဟို... ဒီလိုလုပ်လေ၊ ရှင့်ပစ္စည်းတွေ ဒီမှာ ပဲထားခဲ့၊ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ရှင် ထိုင်စောင့်နေပါလား၊ ကျွန်မအမေလာတော့ ရှင်ပြန်လာခဲ့ပေါ့၊ အဲဒီထိပ်က ထိုင်စောင့်နေလေ"

"ခင်ဗျားအမေကို ကျုပ်မှ မမြင်ဖူးတာ"

"အယ်"

ဖူးပွင့်မော် အကျပ်ရိုက်သွားပြန်သည် ။ ကိုးနာရီကျော်မှ ပြန်ရောက်လာတတ်သည့် မိခင်အား စောင့် ပေး၍ မဖြစ်နိုင်သကဲ့သို့ သူ့အား စောင့်ခိုင်း၍ လည်း မဖြစ်နိုင်တော့ပေ။

သူ့ကိုသာ သိကျွမ်းသော ထိုသူကို မိမိ ဘယ်လိုထားခဲ့ရမည်နည်း။

"ကျွန်မအမေက ကျွန်မနဲ့ ရုပ်ဆင်တယ်၊ ကဲ .... ဒီလိုလုပ်လေ၊ မာမီပြန်လာတော့ အဝင်းကို လာခေါ်ခိုင်းလိုက်မယ်၊ အဝင်းရေ"

"ရှင်"

အဝင်းပြေးထွက်လာပြန်၏။ ဖူးပွင့်မော် နာရီကိုကြည့်မိပြန်သည် ။

"သွားပြီ... ကိုးနာရီထိုးသွားပြီ"

"မာမီလာရင် ဒီပုဂ္ဂိုလ်ကြီးကို လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ သွားခေါ်ပေးလိုက်ပါ၊ မမကြီး သူ့ကို လက်ဖက်ရည်ဆိုင်မှာ ထားထားခဲ့မယ်နော်၊ ကဲ ရှင်းလားအဝင်း၊ တံခါးကို သော့ခတ် လိုက်တော့"

"ဟုတ်ကဲ့ မမကြီး"

အဝင်းက တာဝန်ကို ကျေပွန်စွာဖြင့် သံဘာဂျာတံခါးနှင့်သော့ကို ဆွဲ

ကိုင်လိုက်သဖြင့် သူလည်း မကျေမနပ်နှင့် အိမ်ထဲမှ ထွက် လာလေသည် ။

"ဒီလိုအိမ်ရှင်မျိုး ဒီတစ်ခါပဲ တွေ့ဖူးတယ်"

"မတတ်နိုင်ဘူး၊ ကျွန်မတို့ ရုံးမှာ လဲ အရေးကြီးတဲ့ ကိစ္စရှိနေတာပဲ၊ ရှင် မြန်မြန်လာပါ"

ဖူးပွင့်မော်က ရှေ့မှ ဦးဆောင်ပြီး ထွက်လာခဲ့သည် ။ ဆွဲခြင်းက ပို၍ လေးလံလာသလိုပင်....

"ရှင့်ကို ကျွန်မ ထိုင်ပြီးတော့ ဧည့်ခံမထားနိုင်ပေမယ့် ရှင်အဲဒီဆိုင်မှ အေးအေးဆေးဆေး အနားယူ ပါ၊ ကက်ဆက်နားထောင်ရင်း လက်ဖက်ရည်သောက်ပါ၊ စားချင်ရာစားပါ၊ ကျွန်မ ရှင်းပါ့မယ်၊ ဆိုင်ရှင် ကိုလဲ မှာထားလိုက်မယ်"

ဖူးပွင့်မော်က ရှေ့မှ သုတ်ခြေတင်ထွက်လာသော်လည်း သူက ပင်ပန်းနွမ်းနယ်ဟန်ဖြင့် ခြေလှမ်းများကို မလှမ်းချင်လှမ်းချင် လှမ်း လာလေ၏။ သူ့စိတ်ထဲတွင် ရေအေးအေးလေးကို ဝအောင်ချိုးပြီး အိပ်ရာပေါ်၌ လှဲအိပ်၍ သာ နေချင်တော့သည် ။

သို့ရာတွင် သူ့ရှေ့မှ သုတ်ခြေတင်သွားသော မိန်းကလေး၏ ကိုယ်နောက်ပိုင်းအလှကိုတော့ သတိထားမိလိုက်သည် ။ ရုပ်လှသလို ကိုယ်လုံးလည်း လှတယ်။ ဒါပေမဲ့ စိတ်ထားကတော့ တော်တော်ကို မပြည့်ဝမလှပတဲ့ စိတ်ထားညစ်တဲ့ မိန်းကလေးပဲဟု ရင်ထဲမှာ မကျေမနပ်နှင့် ရေရွတ်မိလိုက်သည် ။

ဖူးပွင့်မော်သည် ရုံးရောက်နိုင်ရေးအတွက် ခြေလှမ်းသွက်နှင့် လှမ်းပြီး လက်ဖက်ရည်ဆိုင် အရောက်တွင် ဆိုင်ရှင်အား

အကျိုးအကြောင်း ပြောပြလိုက်၏။

"အဲဒါ သူ့ဆီက ငွေမယူနဲ့ ၊ ကျွန်မရုံးက ပြန်လာတော့ ဝင်ရှင်းပေးမယ်နော်၊ သူမှာ တာကို အားလုံး ချပေးလိုက်ပါ"

"အေးပါ ဘယ်မှာ လဲ"

"သူလေ အင်း...."

နောက်လှည့်ကြည့်သောအခါ ပါမလာသဖြင့် ဖူးပွင့်မော် စိတ်တိုသွား၏။

သူကား ကိုက်နှစ်ရာကျော်လောက်တွင် သာရှိပြီး တစ်လှမ်းချင်း လှမ်းနေသည် ကို တွေ့ရ သဖြင့်....

"အဲဒီသူပဲ၊ ကျွန်မသွားမယ်နော်၊ ရုံးချိန် နောက်ကျနေပြီ"

လက်ဖက်ရည်ဆိုင်မှ ထွက် လာပြီး သူ့ထံသို့ ပေါက်ဆတ်ဆတ်နှင့် ပြန်သွားရပြီး...

"ဒီမှာ ကိုမင်းသားရဲ့ ဒီဆိုင်ပါပဲ၊ ရှင့်ကိုယ်ရှင် ရုပ်ရှင်မင်းသား ခြေလှမ်းနဲ့ လျှောက်နေ ရအောင် ကျွန်မတို့ မြို့က မင်းသားရွေးမှာ မဟုတ်ဘူး ၊ ကဲ.. ကြိုက်တဲ့ စားပွဲမှာ ထိုင်၊ ကြိုက်တာကို သုံးဆောင်နော်၊ ကျွန်မ ဒီနေ့ သိပ်အရေးကြီးနေလို့ ပါ၊ နို့မဟုတ်ရင် ရုံးအပျက်ခံပါတယ်"

ဆိုင်ရှင်ဦးဘအေးကိုလက်လှမ်းပြပြီး အပြေးတစ်ပိုင်းထွက်လာခဲ့၏။ ဖခင်က သစ်လုပ်ငန်း လုပ်သဖြင့် မကြာခဏ နယ်မှ သစ်ကိုယ်စားလှယ်များ ရောက်ရောက်လာသောကြောင့် ဧည့်ဝတ် ကျေအောင် ဧည့်ခံရသည် မှာ ဖူးပွင့်မော်တို့ သားအမိနှစ်ဦး၏ တာဝန်ပင်ဖြစ်သည် ။

ယခုကဲ့သို့ ရုံးတာဝန်နှင့် တိုက်ဆိုင်နေသဖြင့် မည်သို့မျှစဉ်းစားမရ

တော့ဘဲ လက်ဖက်ရည် ဆိုင်၌ ထားခဲ့ရသည့်အတွက် စိတ်ထဲတွင် မတင်မကျဖြစ်မိသည် ။ ဖခင်ကများ ဆူလေမလားဟု တွေးရင်းက ရုံးသွားရသည် ကို စိတ်မဖြောင့်ဖြစ်နေမိ၏။

"ဟင်း.. တတ်နိုင်ဘူးလေ"

ရုံးလမ်းသို့ရောက်သောအခါ မိမိ နေ့စဉ်တက်နေသော ထိုရုံးကြီးကိုကြည့်ကာ အလိုလို ကြောက်ရွံ့လာမိ၏။

"အခုရောက်လာတဲ့ ဦးစီးက သိပ်နာမည်ကြီးတာပဲ ဖူးရေ၊ စည်းကမ်းကလဲ ကြီးတယ်၊ အချိန်ကလဲ တိကျတယ်၊ အလုပ်အကိုင်ကလဲ စည်းစနစ်ကျတယ်၊ အခုပဲ ကြည့်လေ၊ တို့ ရုံးချိန်က ကိုးနာရီခွဲကို သူနဲ့ မိတ်ဆက်ဖို့ အတွက် အချိန်အပုပ်မခံနိုင်လို့ ကိုးနာရီချိန်းပြီး အားလုံးနဲ့ မိတ်ဆက်စကားပြောပြီး သူပြောစရာ မှာ စရာရှိတာတွေမှာ မယ်၊ အားလုံး ကိုးနာရီအရောက် လာရမယ်တဲ့ ၊ ပြီးတော့ နေ့စဉ်ကိုးနာရီခွဲ အတိအကျ ရုံးတက်ရမယ်တဲ့ လေ"

ဖူးပွင့်မော်သည် မနေ့က ဒု-ဦးစီးမှူး မမပြောသော စကားများကို ပြန်လည်ကြားယောင်ကာ သက်ပြင်းရှည်ကြီး ချလိုက်မိသည် ။

စည်းကမ်းကြီးသော ဦးစီးမှူး အလုပ်စဝင်သည့်နေ့မှာ ဖူးပွင့်မော်က စည်းကမ်း ဖောက်ဖျက်ကာ အချိန်ကို မလေးစားပြနေလျှင် သည် နှစ်စာရင်းစစ်ရာတွင် နယ်ဝေးဝေးသို့ ရောက်မည်မှာ သေချာနေပြီ။

ဖူးပွင့်မော်သည် စီးပွားရေးတက္ကသိုလ်ကျောင်းဆင်းပြီး စီဘီအေကျောင်းတက်ခဲ့၍ စာရင်း စစ်မှူး ဖြစ်လာကာ စာရင်းစစ်ငယ်နှစ်ဦးနှင့်အတူ ရုံးဌာနများ သို့ဝင်ကာ စာရင်းစစ်ရုံမက ကျေးရွာ သမများ ၊ အဖွဲ့အစည်းများ သို့ပင် ဝင်၍ စစ်ဆေးရသည် ။ မြို့ပေါ်ရောက်လျှင် သက်သောင့် သက်သာနှင့် အေးအေးချမ်းချမ်း စာရင်းစစ်ရသော်လည်း

ကျေးရွာများ ရောက်လျှင် ခရီးပန်းပန်း လမ်းကြမ်းကြမ်းတွင် ...

"ဟင်း ...."

သက်ပြင်းရှည်ကြီးချလျက် မဝံ့မရဲနှင့် ရုံးခန်းအတွင်းသို့ ဝင်လာခဲ့သည် ။ အမှတ်မထင် ရုံးနာရီကို ကြည့်မိရာ ကိုးနာရီ နှစ်ဆယ့်ငါး...။

ခါတိုင်း ရုံးတက်ခါစ၌ ဆက်ရက်သိုက်ကဲ့သို့ ညံနေသော နေရာမှာ တိတ်ဆိတ်လျက်...။

"သြော် ... ဒေါ်ဖူးပွင့်မော် ထင်ပါရဲ့ "

ဦးစီးမှူးထိုင်သော စားပွဲထိပ်တွင် အခန့်သား ထိုင်နေသူကြောင့် ဖူးပွင့်မော် မှ င်တက် သွား၏။

လုပ်သက်ငါးနှစ်အတွင်း ဦးစီးမှူးနှစ်ယောက် ပြောင်းပြီးနေပြီ။ အားလုံး ဦးစီးမှူးများမှာ လေးဆယ်ကျော်သာများ ၏။ ဤကဲ့သို့ သုံးဆယ်ကျော် ဦးစီးမှူးကို မကြုံဖူးမတွေ့ဖူးပေ။

"ဟုတ်ကဲ့..."

စာရင်းစစ်မှူး လေးယောက်သာရှိသော မိမိတို့ ရုံးမှာ တစ်ယောက် လစ်လပ်လျှင် သိသာ လွန်းလှ၏။

"အိမ်က သိပ်ဝေးလို့ လား"

"မဝေးပါဘူး၊ ဆေးရုံလမ်းတင်ပါ၊ ကျွန်မအိမ်မှာ ဧည့်သည် ရောက်နေလို့ ပါ"

အပြစ်ရှိသူပီပီ မျက်နှာငယ်လေးနှင့် တောင်းပန်လိုက်ရသည် ။ ရင်ထဲမှာ တော့ ဧည့်သည် ကို သာ အစိမ်းလိုက် ဝါးစားပစ်ချင်နေ၏။

"ကိုယ်ရေးကိုယ်တာ ကိစ္စတွေက သိပ်အရေးကြီးနေတာကိုး ဒေါ်ဖူး

ပွင့်မော်ရယ်၊ ခင်ဗျားဟာ ခေါင်းဆောင်တစ်ယောက်လုပ်ပြီး အချိန်ကို မလေးစားပြနေရင် လက်အောက်က စာရင်းစစ်လေး တွေကို ခင်ဗျား ဘယ်လို ကိုင်တွယ်မှာ လဲ"

"တစ်ကြိမ်တစ်ခါပါပဲ ဦးစီး"

"တစ်ဆိုတာ နှစ်တို့ သုံးတို့ ဆက်လာဖို့ ဦးဆောင်ဂဏန်းပဲ ဒေါ်ဖူးပွင့်မော်၊ တစ်ဆိုတာ မဖြစ်ပါစေနဲ့ ဗျာ"

စူးခနဲ စိုက်ကြည့်မိသည် ။ ဦးစီးကလည်း ပြန်၍ စိုက်ကြည့်နေ၏။ တဒင်္ဂလေး မျက်လုံးချင်းဆုံသော ခဏတွင် အားပြိုင်မှုများ နှင့် နောက်ဆုံးဖူးပွင့်မော် မျက်လွှာချကာ...

"ဟုတ်ကဲ့"

ဟု တိုးတိုးလေးပြောကာ ကိုယ့်နေရာကိုယ် ဝင်ထိုင်လိုက်သည် ။ အချင်းချင်းရှေ့နှင့် အငယ်များ ရှေ့ အပြောခံလိုက်ရ၍ ရင်မှာ နာကျင်နေမိသည် ။

"သင်းကြောင့်"

***

"မောင်သက်ပိုင်ဟာ သာမန်လူ မဟုတ်ဘူး "

"ဟင်...ဒါဆို ဂြိုဟ်သားလား မာမီ"

မာမီ၏ စကားကြောင့် ဂျူးက ပြူးတူးပြဲတဲလေး မေးလိုက်သဖြင့် ဖူးပွင့်မော်၏ ဒေါသများ ပြေလွင့်ကာ ပြုံးလိုက်မိသည် ။

"ဂျူးနော် ကလေးလိုနေစမ်း၊ လူကြီးတွေ စကားပြောနေတာကို နော

က်ရသလား သွားစမ်း"

"နေပါဦး မာမီရဲ့ ၊ မုန့်ကလေးကို ကုန်အောင် စားပါရစေဦး"

ဂျူးဂျူးက အစားခုတ်လိုက်သည် ။ ကျောင်းမှ အပြန်ဆာတတ်သော အမြွှာမောင်နှမကို ကြည့်၍ ဖူးပွင့်မော်ရင်ထဲ တင်းကျပ်မှုများ အလိုလို ပြေပျောက်သွားလေသည် ။

မာမီ အသက်လေးဆယ်ငါးနှစ် ရှိပြီဖြစ်သော်လည်း ဖူးပွင့်မော်နှင့် ဆယ့်ကိုးနှစ်သာကွာပြီး ညီအစ်မ များကဲ့သို့ ပွင့်ပွင့်လင်းလင်း ချစ်ချစ်ခင်ခင် နေခဲ့၏။ သို့ရာတွင် ထိုမောင်နှမကို အသက် လေးဆယ်နားနီးမှ မွေးခဲ့သဖြင့် မာမီသည် ကလေးများ နှင့် တရင်းတနှီး မနေဘဲ ဖူးပွင့်မော်ကသာ အစ်မကြီးပီပီ ရင်းရင်းနှီးနှီး နေခဲ့ရ၏။

မာမီသည် စောစောကစကားကို မဆက်သေးဘဲ စပ်စပ်စုစုနှင့် နားစွင့်နေကြသည့် ကလေးနှစ်ယောက် မုန့်စားပြီးအောင် စောင့်နေလိုက်၏။

ခါတိုင်း ပေါင်မုန့်လေးချပ်ကို ခဏလေး စားပြီးဆော့ရန် အပြေးထွက်သွားကြသည့် မောင်နှမမှာ ကျောင်းအဆင်းတွင် တွေ့လိုက်ရသော မျက်နှာစိမ်းအကြောင်း စိတ်ဝင်စားနေသဖြင့် ဖိမ်ဆွဲစားနေကြ၏။

"ကဲ… မြန်မြန်စားပြီး သွားကြတော့"

"ဂျူးတို့ က ဘယ်သွားရမှာ လဲ"

"အလိုတော် ခါတိုင်းလဲ ခြံထဲဆင်းနေကျပဲ"

"အဲဒီခြံထဲမှာ မာမီရဲ့ သာမန်လူမဟုတ်တဲ့ လူထူးဆန်းရှိတယ်လေ"

"ကဲ … ဂျူးနော် မာမ့ီကို စိတ်တိုအောင် စ,နေရင် မာမီလက်က ရောက်လာမှာ ပဲ"

ထိုအခါ ဂျူးက သူ့အမြွာညီမ ချူး၏ လက်ကိုဆွဲကာ ပြေးထွက်သွားတော့သည် ။

အမြွာမှာ ယောက်ျား မိန်းမကွဲသကဲ့သို့ စရိုက်ချင်းကလည်း မတူပေ။ ဂျူးက ရွှတ်နောက် နောက်နှင့် ပြောင်စပ်စပ်နေသော်လည်း ချူးက ငြိမ်ငြိမ်အေးအေးနှင့် အားငယ်တတ် ကြောက်တတ် သူပင် ဖြစ်သည် ။

"အဝင်း... ဘာလုပ်နေတာလဲ"

"ငါးဖယ်ကြော်နေပါတယ် မမကြီး"

"ဒါဖြင့် ငါ့ကိုပေး၊ ငါကြော်ထားလိုက်မယ်၊ နင်လမ်းထိပ်က ဦးဘအေး လက်ဖက်ရည်ဆိုင်ကို ပြေးစမ်း၊ မနက်က ဟိုပုဂ္ဂိုလ်စားသွားတာ ဘယ်လောက်ကျသလဲလို့ ၊ ရော့... ဒီမှာ ကိုးဆယ်တန် တစ်ရွက် ယူသွားလိုက်"

ဖူးပွင့်မော်သည် ဆွဲခြင်းကိုယူကာ ကိုးဆယ်တန်တစ်ရွက် လှမ်းပေးလိုက်ရင်း...

"မာမီ... ဖူး အဝတ်လဲလိုက်ဦးမယ်နော်၊ ခဏလေးကြည့်ထားပါဦး"

"အေးပါအေ"

ခြင်းလေးကိုဆွဲပြီး အိပ်ခန်းထဲဝင်၍ အဝတ်လဲလိုက်၏။

ဖူးပွင့်မော်သည် ရုံးမှ ပြန်လာလာချင်း အဝတ်အစားမလဲမီ မိခင်နှင့် မောင်နှမနှစ်ယောက်ကို အရင် ရှာပြီး မုန့်များ ပေးပြီးမှ အကျီဝင်လဲသည် မှာ နေ့စဉ် အကျင့်တစ်ခုပင်ဖြစ်နေလေ၏။

မိခင်ကို အစ်မကြီးလို ချစ်သကဲ့သို့ အမြွာမောင်နှမနှစ်ယောက်ကိုလည်း မျက်စိအောက်မှ အပျောက် မခံနိုင်အောင် ချစ်သည် ။ ထိုသံယောဇ

ဉ်များကြောင့်ပင် အသက်အစိတ်ကျော်သည် အထိ တစ်ကိုယ်တည်း အပျိုကြီးဘဝနှင့်ပင် ငါးရာနှစ်ဆယ့်ရှစ် မေတ္တာကြား၌ ပျော်မွေ့နေသူပင်ဖြစ်ပေ သည် ။

"ဖယ်... မာမီ၊ သမီးကြော်ပါ့မယ်"

"ရပါတယ်အေ.. ဖူး မောနေပါမယ်၊ ဒီမှာ ခဏထိုင်ပါဦး၊ ညည်းကို ပြောစရာရှိသေးတယ်"

ဖူးပွင့်မော်က ပခုံးနှစ်ဖက်ကို တွန့်လိုက်ရင်း ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်သည် ။

"အဲဒီလူ နာမည်က သက်ပိုင်လား မာမီ၊ နာမည်ကတော့ အပိုင်ပဲ နော်၊ သူက ဖူးတို့ အိမ်မှာ တည်းမှာ လား"

"အေးပေါ့၊ ကိုယ့်အိမ်ကိုလာတဲ့ ဧည့်သည် ကို ဖူးကလက်ဖက်ရည်ဆိုင်မှာ ထားခဲ့တာ ကောင်းသလား ဆိုတာ စဉ်းစားကြည့်လေ၊ ဒယ်ဒီသိရင် ဘာပြောဦးမလဲ မသိဘူး၊ မောင်သက်ပိုင် တောင်ငူမှာ နေတာ၊ သူ့ကိုယ်စားလှယ်အသစ်တဲ့ "

"ဒါတော့ မတတ်နိုင်ဘူး မာမီ၊ ဖူးဘက်ကလဲ စဉ်းစားဦးပေါ့၊ အခု ဦးစီးအသစ်က ဖူးကို ဆူလိုက်တာ ရစရာမရှိဘူး၊ ဒီနေ့ ဦးစီးအသစ်လာမယ်လို့ ညကတည်းက မာမီ့ကို ပြောထားတာပဲ၊ လူငယ်သလောက် စည်းကမ်းကလဲ ကြီးလိုက်တာ၊ ဖူးက မိနစ်နှစ်ဆယ် နောက်ကျသွားတာကို အားလုံးရှေ့မှာ ဆူတယ်လေ၊ ဘယ်လောက် အောက်သလဲလို့ "

ရုံးနောက်ကျ၍ လူကြီးအဆူခံရသကဲ့သို့ မိခင်ကလည်း ဧည့်သည် နှင့် ပတ်သက်၍ ထပ်ပြောနေသဖြင့် ဖူးပွင့်မော် နှုတ်ခမ်းစူ လာလေသည် ။ ထို သက်ပိုင်ဆိုသူအား ပို၍ မကျေမနပ် ဖြစ်သွားမိသည် ။

"မမကြီးရေ.... မမကြီးပေးတဲ့ ငွေက မလောက်ဘူး၊ ဒီမှာ စာရင်းကြည့်ပါဦး"

အဝင်းက ပြုံးတုံးပြုံးတဲနှင့် စာရင်းစာရွက်ကို ထိုးပြလိုက်၏။

"လက်ကီးတစ်ဘူး ရှစ်ဆယ်၊ မုန့်ဟင်းခါး ဘူး-ငါးဖယ်-ဘဲဥ သုံးပွဲ ခြောက်ဆယ့် ရှစ်ကျပ်၊ လက်ဖက်ရည်ရှယ် နှစ်ဆယ်၊ ပေါင်မုန့် မီးကင် ထောပတ်သုတ် လေးချပ်လေးဆယ်၊ စုစုပေါင်း နှစ်ရာ့ရှစ်ကျပ်၊ ဘုရားရေ... မနက်စောစောစာကို အဲဒီလောက်တောင် စားသွားပါလား၊ သူ... သူကတစ်ပြားမှ မရှင်းသွားဘူးတဲ့ လား"

"မရှင်းဘူးတဲ့ ၊ အထွက်မှာ လက်ကီးတစ်ဘူးယူပြီး စာရင်းထဲထည့်မှတ်လို့ ပြောသွား သေးတယ်တဲ့ ၊ ဦးဘအေးမောင်ကတောင် ပြောလိုက်သေးတယ်၊ ညွှ့်သည် က ဘိုပဲတဲ့ လေ"

"တော်တော် လူပါးဝတဲ့ လူ၊ မာမီ... မာမီ့လူဟာ လူကောင်းမဟုတ်နိုင်ဘူး၊ ဒါ သက်သက် သမီးကို မကုန်ကုန်အောင် လုပ်တာ"

ဖူးပွင့်မော်သည် ဒေါသဖြစ်လွန်း၍ အသံများ ပါ တုန်နေ၏။ ငွေကုန်သည် ထက် မိမိအပေါ်မှာ တင်စီးသည် ကို ပို၍ မခံချင်ဖြစ်မိ၏။

မိခင်က ဖူးပွင့်မော်အားကြည့်၍ သဘောကျစွာ ရယ်မောနေသည် ။

"မာမီနော်... မာမီကရယ်နေ၊ ဒီငွေကို မာမီပဲပေး၊ ဖူးမပေးဘူး"

"မပေးပါဘူး၊ ဖူးဘာသာ ညွှ့်ခံထားတဲ့ ကိစ္စကိုပဲ"

မိခင် ဒေါ်နုနုအေးက သမီးအား တမင်ပင် စ,လိုက်သည် မို့ ဖူးပွင့်မော်မှာ ရှူးရှူးရှဲရှဲနှင့် ဒေါသဖြစ်နေ သလောက် မိခင်က စာရင်းစာရွက်ကိုကြည့်ကာ သဘောကျစွာ ပြုံးနေသည် ။

"တော်တော့်ကို လူကြီးလူကောင်းမဆန်တဲ့ လူပဲ၊ ကလေကချေအကျင့်၊ သူများကျွေးတာကို နင်းကန် စားပြီး ကိုယ်မကုန်ရင်ပြီးရော သဘောနဲ့ တမင်လုပ်တာ သိလား မာမီ... အလကားလူ"

"ဟဲ့...ဟဲ့...အဝင်း တူးပြီ.. တူးပြီ"

ဖူးပွင့်မော် ဒေါသထွက်နေသည် ကို ငေးကောင်းကောင်း နှင့် ငေးနေသော အဝင်းက ငါးအိုးကို မကြည့်မိသဖြင့် တူးရောင်သန်းကုန်တော့သည် ။

"သွားပါပြီ... သွားပါပြီ၊ မိဖူးတို့ သူများကို ဒေါသဖြစ်နေတာနဲ့ ငါးအိုးကို ပစ်ထားလိုက်တာပဲ၊ ဟိုကောင်မလေးကလဲ မကြည့်ဘူး၊ ငေးနေတာပဲ"

ဒေါ်နုနုအေးက ပွစိပွစိ ထလုပ်မှ ပင် ဖူးပွင့်မော်မှာ ပါးစပ်ပိတ်သွားပြီး မီးပိတ်, အိုးချ, ငါးဖယ်ဆယ် နှင့် အလုပ်ရှုပ်သွား၏။

"တော်သေးတယ်၊ တစ်ဖတ်ပဲ တူးလို့ ၊ အဲဒါ နင်တို့ နှစ်ယောက်စား"

"မာမီပါပါတယ်၊ ဟင်း ... ဟိုလူကြီးကြောင့်ပဲ၊ သူ့ကိုကျွေးရမယ်၊ လက်ဖက်ရည်ဆိုင် ထိုင်တာတောင် နှစ်ရာကျော်နေရင် ထမင်းစားရင် ဘယ်လိုနေမလဲမသိဘူး၊ လူကြည့်တော့ စုတ်တီးစုတ်ဖတ်နဲ့ "

"ဟဲ့.. နားငြီးလိုက်တာ မိဖူးရယ်၊ မောင်သက်ပိုင်က ဆင်သူဌေး၊ ဆင်တွေလဲ အများကြီး ပိုင်တာ.. နှယ်နှယ်ရရလူ မဟုတ်ဘူး ကွဲ့၊ ဒါကို ညည်းက လက်ဖက်ရည်ဆိုင်အစုတ်မှာ သွားထား တာ ညည်းအဖေ လာရင်တော့ ဘာပြောမလဲမသိဘူး"

"အမယ်လေး မာမီရယ်၊ သူဌေးမို့လို့ ပဲ တစ်ပြားမှ မရှင်းသွားတာပေါ့၊ ဒီလောက် ဌေးနေရင် ဟိုတယ်ပို့ လိုက်ပါလား၊ အိမ်

မှာ လက်မခံထားနဲ့ ပေါ့၊ ဒီလိုမှန်းသိရင် သော့ခတ်ပြီး အပြင်မှာ ပဲ ထိုင်စောင့်ခိုင်းပါရဲ့ ၊ စေတနာထားပြီး လက်ဖက်ရည်ဆိုင်ကို ပို့ပေးမနေတော့ဘူးလေ"

"ဟဲ့.... တော်ပါတော့၊ ပြောလေ မိုက်ရိုင်း လာလေပါလား၊ ညည်းဟာ ပညာတွေ ဒီလောက်တတ်ပြီး ဘာလို့ ဒီလောင်တောင် ရိုင်းနေရတာလဲ"

"မာမီ့လူကလဲ သူဌေးလုပ်ပြီး ဘာလို့ စေ့ကုတ်နေရတာလဲ"

"ဘာ မာမီ့လူလဲ၊ ဖူးနော်... စကားပြောတာ ကြည့်ပြော"

"မာမီက ဖူးကို ဘာမှ မတိုင်ပင်ဘူး၊ အိမ်မှာ တည်းခိုခွင့်ပြုလိုက်တာ ဖူးက သူစိမ်းယောကျ်ား တစ်ယောက်နဲ့ ဘယ်လိုလုပ် အိမ်ထဲမှာ နှစ်ယောက်အတူတူ နေရမှာ လဲ၊ မာမီက လက်မခံဘူးဆိုရင် ဒယ်ဒီက ဘာမှ ပြောမှာ မဟုတ်ဘူး ၊ ခုတော့..."

"ဖူးပွင့်မော်...."

ဒေါ်နုနုအေးက ဒေါသသံနှင့် နာမည် အပြည့်အစုံကို ခေါ်လိုက်သဖြင့် ဖူးပွင့်မော် စကားရပ် သွား၏။ မိခင်၏ အော်ဟစ်မှုကို ခံလိုက်ရသောကြောင့် အံ့အားသင့်သွားသလို ဝမ်းလည်း နည်း သွားသည် ။

ဖူးပွင့်မော် သိတတ်သည့် အရွယ်ကတည်းက မိခင်နှင့် သမီးမှာ ချစ်ချစ်ခင်ခင် တိုင်တိုင် ပင်ပင်နှင့် နေခဲ့ရာမှ ယခုကဲ့သို့ တင်းမာစွာ အော်ဟစ်မှုမျိုး မဖြစ်ခဲ့ဖူးပေ။

မိခင်မှာ ငွေရေးကြေးရေး၌ စိစစ်ပြီး ကပ်စေးနဲ့တတ်သော သမီး၏ ဆူပူမှုကို သဘောကျစွာ နားထောင်နေရာမှ လွှန်လာ၍

အော်လိုက်မိခြင်းဖြစ်သည် ။

"ဒီညှော့သည် ဟာ ညည်းဧည့်သည် လဲ မဟုတ်ဘူး ၊ ငါ့ဧည့်သည် လဲ မဟုတ်ဘူး ၊ ဒါကြောင့် ကိုယ်ကြိုက်ကြိုက်၊ မကြိုက်ကြိုက် လက်ခံထား ရမှာ ပဲ၊ ညည်းအဖေပြောထားတာကြာပြီ၊ ရော့... အဝင်း၊ အဲဒီလက်ဖက် ရည်ဖိုးကို ငါပေးလိုက်မယ် အလကား၊ ဒီငွေနှစ်ရာကျော်နဲ့ နားကိုငြီး နေ တာ ပဲ"

ဖူးပွင့်မော် နှုတ်ခမ်းစူကာ ငါးဖယ်ဟင်းကိုတော့ ပြီးအောင်ချက်လို က်သေးသည် ။ ဖူးပွင့်မော် အသံ တိတ်သွားသော်လည်း ဒေါ်နုနုအေးက အသံရပ်မသွားသေးဘဲ...

"ဒီကောင်လေးကို လက်ခံထားတော့ ဘာဖြစ်သေးလဲ ညည်းက ဆ ယ်ကျော်သက်မို့လို့ လား၊ အပျိုဟိုင်းကြီး ဖြစ်နေပြီပဲ၊ အိမ်ထောင်ပြုဖို့ သ င့်တဲ့ အရွယ်ရောက်နေပြီပဲ၊ ဒီကောင်လေးနဲ့ ဖြစ်တော့ ကော ဘာဖြစ် သေးလဲ၊ သူက သူဌေးလေးပဲ"

"လုံးဝပဲ၊ မာမီနော် ဘာမှ မစဉ်းစားဘူး၊ ခုကတည်းက မုန်းတယ်၊ လုံးဝပဲ"

ပြောပြောဆိုဆိုနှင့် လှည့်ထွက်သွားတော့ ဒေါ်နုနုအေးမှာ မျက်မှော င်ကြုတ်လျက် ကျန်ရစ်ခဲ့ တော့သည် ။

ညနေ ထမင်းစားချိန်အထိ ဖူးပွင့်မော် စိတ်ကောက်မပြေခဲ့ပေ။

ထမင်းစားချိန်တွင် ချူးကို အခေါ်လွှတ်ခိုင်းသော်လည်း ဖူးပွင့်မော် ဆင်းမစားခဲ့။ ဒေါ်နုနုအေး ကိုယ်တိုင် လာခေါ်သောအခါ ဖူးပွင့်မော်က အိပ်ဟန်ဆောင်ရင်း အိပ်ပျော်သွားခဲ့သည် ။ ဒယ်ဒီ ပြန်ရောက်လာသည် ကိုပင် မသိလိုက်ပေ။ ညရှစ်နာရီထိုးခါနီးမှ ပင် ချူးလာနှိုးသဖြင့် အိပ်

ရာမှ နိုး လာလေ၏။

"မမကြီးက အိပ်ပုပ်ကြီးလိုက်တာ"

"အိပ်ပျော်သွားတယ်ချူးရယ်၊ ရှစ်နာရီတောင် ထိုးတော့မယ်နော်၊ ချူးအိပ်တော့မလို့ လား"

"ဟင့်အင်း... မမကြီးကိုလာကြည့်တာ၊ ထမင်းစားမယ်လေ"

ခုနစ်နှစ်အရွယ်သာ ရှိသေးသော်လည်း လွန်စွာသိတတ်လွန်းသော ညီမငယ် ချူးအတွက် ဖူးပွင့်မော် ရင်ထဲအေးမြသွား၏။ ချူး၏ နုနယ်သော ပါးဖောင်းဖောင်းလေးကို မွှေးကြူလိုက်ရင်း...

"စားမှာ ပေ့ါ၊ ချူးတို့ ဘာလုပ်နေကြလဲ၊ စာမကျက်ဖူးလား"

"အိမ်စာတော့ လုပ်ပြီးပြီ၊ မနက်မှ ပဲ စာကျက်တော့မယ်၊ ညွှေ့သည် ဦးဦးက ကာတွန်းခွေ ငှားလာလို့ ထိုင်ကြည့်နေတာ"

ဖူးပွင့်မော်ရင်ထဲ တင်းခနဲဖြစ်သွား၏။ ကလေးများ စာကျက်ချိန်ကို သက်သက်မဲ့ နှောင့်ယှက်သည် ဟု  စိတ်ထဲမှာ ရေရွတ်လိုက်မိသည် ။

မိမိ စိတ်ကောက်ပြီး အိပ်နေလိုက်ခြင်းဖြင့် ကလေးများ စာကျက်ချိန် လစ်ဟင်းသွားသည် ကို နောင်တ ရသွားမိသည် ။

"ဂျူးကော အိပ်စာတွေလုပ်ပြီးပြီလား"

"ဟင့်အင်း... ညွှေ့သည် ဦးဦးရဲ့ အခွေဆိုင် လိုက်သွားပြီး အခွေငှား နေတာနဲ့ မလုပ်ဖြစ်ဘူး ထင်ပါတယ်"

"ဒီကောင်လေးဟာလေ"

ဖူးပွင့်မော်အိပ်ရာမှ ထကာ ဆံပင်များကို ဖြီးလိုက်ရင်း...

"မမကြီး၊ ထမင်းဆင်းစားမှာ လား၊ ချူး ကာတွန်းဆက်ကြည့်တော့

မယ်နော်"

"အင်း... ကြည့်လေ၊ မာမီခေါ်ခိုင်းတာလား"

"ဟင့်အင်း... ချူးဘာသာ လာနှိုးတာ၊ မမကြီးမှ ထမင်းမစားရသေးတာ"

"မာမီကော"

"ညွှသည် နဲ့ စကားပြောနေတယ်၊ ကာတွန်းကြည့်ရင်းနဲ့ ပေါ့"

"ဒယ်ဒီကော"

"ရေချိန်ကိုက်ပြီး အိပ်နေပြီ"

"ဟင်း"

ပျော်ပျော်နေတတ်သော ဒယ်ဒီက ပျော်ပျော်စားသောက်ပြီး အပူအပင်ကင်းဝေးစွာဖြင့် အရက်သောက်ပြီး စောစောအိပ်ရာဝင်သည့်ညများစွာအတွက် မာမီနှင့် ဖူးပွင့်မော်တို့ မောင်နှမ သာလျှင် စာကျက်ရင်း၊ စာသင်ရင်း၊ စာရင်းလုပ်ရင်းနှင့် အချိန်များ ကုန်လွန်သွားသည့်နေ့များ ရှိတတ်လေ၏။

တစ်ခါတရံ ဒယ်ဒီက အိမ်မှာ ပင် အမြည်းများများ နှင့် စားသောက်ရင်း ညကိုးနာရီ ကျော်မှာ ပင် အိပ်ရာဝင်သွားလေသည် ။

ဖူးပွင့်မော်မျက်နှာသစ်ပြီး အိမ်အောက်သို့ဆင်း လာလေသည် ။

လှေကားထိပ်မှ နေ အိမ်အောက်ညွှခန်းသို့ လှမ်းကြည့်လိုက်သည်
။

မာမီနှင့်ညွှသည် က မျက်စောင်းထိုးနေရာတွင် ထိုင်ကာစကားပြောနေကြ၏။ ဂျူးက နှစ်ယောက်ထိုင် ဆိုဖာပေါ်မှာ

မှောက်ကာ ကြည့်နေသည် ။ ချူးနှင့်ဝင်းက ဂျူးဆိုဖာဘေး ကြမ်းပြင် မှ အသီးသီး ထိုင်နေ၏။

ဖူးပွင့်မော်က နှုတ်ခမ်းကိုတင်းတင်းစေ့ကာ ခြေသံပေး၍ အိမ်အော က်သို့ ဆင်း လာလေ၏။

ဒေါ်နုနုအေးနှင့် ကိုသက်ပိုင်က မော့ကြည့် လိုက်လေသည် ။

"ဟော... သမီးတောင် နိုး လာပြီပဲ၊ ထမင်းစာတော့မလား သမီး"

မိခင်က သမီးကို ချော့ကာ ထိုင်ရာမထပြီး မီးဖိုထဲဝင်ကာ အဆင်သ င့်ရှိမရှိ ဝင်ကြည့် လိုက်၏။ အဝင်းက အသင့်ပြင်ထားသဖြင့် ဟင်းချို ဟ င်းအိုးကိုယူ၍ မီးဖိုပေါ်သို့ တင်ထား လိုက်သည် ။

ထို့နောက်အပြင်သို့ ပြန်ထွက်လာစဉ် ဖူးပွင့်မော် ထမင်းစားခန်းထဲ သို့ဝင်ကာ ဟင်းချိုအိုး အခြေ အနေကို စောင့်လိုက်၏။

ယခုမှ ပင် ဆာလာသဖြင့် ဟင်းချိုဆူအောင်အထိ မစောင့်တော့ဘဲ နွေးရုံသာနွေးပြီး ထည့်လာ လေသည် ။

မိခင်က ထမင်းနှစ်ပန်းကန် ခူးသနေသဖြင့် ဖူးပွင့်မော် အံ့အားသင့် သွားသည် ။

"မာမီ မစားရသေးဘူးလား"

"စားပြီးပြီ၊ မောင်သက်ပိုင် မစားရသေးတာ"

"ဟင်း"

ဆတ်ခနဲ မိခင်ကို မော့ကြည့်လိုက်သည် ။ မိခင်ကလည်း မိမိအား စူး စူးကြည့်ရင်းက...

"ဒယ်ဒီ့အတွက် အရေးကြီးတဲ့ မိတ်ဆွေလို့ ဒယ်ဒီကပြောတယ်ဖူး၊

အဲဒီတော့ မာမီနဲ့ ဖူး တာဝန်ကျေ ရမယ်"

"စိတ်ချပါ မာမီ၊ ဖူး ဒီလောက်မရိုင်းပါဘူး၊ ဒါပေမဲ့ ညှော့သည် လိုပဲ ဆက်ဆံပါရစေ မာမီ၊ ဖူးဆန္ဒမပါ ဘဲနဲ့ မာမီနဲ့ ဒယ်ဒီ ဘာမှ မတိုင်ပင်ပါနဲ့ "

ညနေက ဖူး စိတ်ကောက်ရသည့်အကြောင်းကို မာမီက နားလည်စွာ ပြုံးလိုက်ရင်း...

"သဘောကို ပြောပြတာပါ၊ ဖူးမသိဘဲ မာမီ ဘာမှ မလုပ်ဘူး၊ ကဲ... မာမီသွားခေါ်လိုက် ဦးမယ်"

ဖူးပွင့်မော်သည် မိခင်အား ကတိတောင်းပြီး ထမင်းစားပွဲမှာ ထိုင်လိုက်သည့်တိုင်အောင် ရင်ထဲမှာ တင်းကျပ်ကျပ်ကလေးဖြစ်နေ၏။ အပျိုကြီးတစ်ပိုင်း ဖြစ်လာရသော မိမိအား မိဘများက မကြာခဏဆိုသလိုပင် အိမ်ထောင်ပြုရန် တိုက်တွန်းပြီး သင့်တော်ရာများ နှင့် စပ်ဟပ်တတ်သော ကြောင့်ပင် ဖြစ်သည် ။

"ကျွန်တော်က အစားကြီးတယ်နော်၊ အနည်းဆုံးနှစ်လုံးချက်လောက်က အသာလေးပဲ"

ထမင်းစားခန်းထဲဝင်လာစဉ် ပြောလိုက်သော စကားကြောင့် စားပိုးနင့်သေမယ့်လူပဲဟု ရင်ထဲမှာ တီးတိုးပြောလိုက်မိသည် ။

"ဗိုက်တောင် ဆာ လာပြီ၊ ပိုပြီး ထမင်းဝင်တော့မှာ ပဲဗျာ"

"ဩော်...ဆာရင်စားနှင့်လို့ အန်တီ ပြောထားသားပဲကွယ်"

"ကျွန်တော်က အဖော်ပါမှ စားတတ်တာ အန်တီရဲ့ ၊ တစ်ယောက်တည်း မစားတတ်ဘူး"

မျက်လွှာပင့်ကြည့်ပြီး မျက်စောင်းကို စူးခနဲ ထိုးလိုက်မိသည် ။

တခြား ဧည့်သည် များ နှင့်မတူ၊ သူက ပြဿနာထုပ်ကို သယ်ဆောင်ခဲ့ပြီး အိမ်ရောက်လာခြင်း ကြောင့် မိမိ၌ ပြဿနာတက်ရသည် ဟူသော အစွဲနှင့် မကျေမနပ် ဖြစ်နေသည် မှာ မျက်နှာတွင် ဖုံးကွယ်၍ မရဘဲ စူပုပ်နေမိတော့သည် ။

****